
# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်ဆောင်

ထာဝရဘုရား၏ နှုတ်ကပါတ် စကားတော်ကြောင့် တုန်လှုပ်သောသူတို့ စကားတော်ကို နားထောင်ကြလော့။ ဟေရှာယ ၆၆း၅

အမှတ်စဥ် (၅၀) | အောက်တိုဘာလ | ၂၀၀၅ ခုနှစ် | စမ္ဓါန ( လစဥ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## ကျေးဇူးတော် ဘဝလှေခရီး



*ဟိုး – လွန်ခဲ့တဲ့ ဖြနစ်ကျော် ကာလ တုန်းကပေါ့၊*
*မမြင်မကမ်း စမ်းတဝါးဝါးနဲ့*
*စကော်ဘူ လာဖို့ ဆုတောင်းခဲ့တယ် ။*

**WDC** သူငယ်ချင်းများ တစ်သိုက်
လှော်ကားဥယျာဉ်မှ ဆုတောင်းသံများ
ဘုရားရှင် နားညောင်းခဲ့တယ် ။

*မြောက်မြားစွာသော **WDC** သူငယ်ချင်းများ*
*စကော်ဘူရောက်လာ ပညာသင်ခဲ့တာ*
*ဖြနစ်လောက် ရှိပြီပေ့ါ ။*

ဘဝလှေခရီး ဖြနစ်တာမှာ
ငိုတလှည့်၊ ရီတလှည့်၊ ပျော်တလှည့်၊ ဝမ်းနည်းတလှည့်နဲ့
အချို့ သူငယ်ချင်းများလည်း သီးပွင့်
အချို့ များကလည်း ယခုထိတိုင် မပြောင်းလဲဘဲ
လှော်ခတ်ဆဲပါ ။

*သူငယ်ချင်းများတို့ရေ ၊*
*ကျေးဇူးတော် ချီးမွမ်းကြပါစို့*
*ဘဝလှေ ခရီး ဖြနစ်တာမှာ –*
*ဘုရားသခင်ရဲ့ ကောင်းကြီး လမ်းပြမှုခရီး*
*ဘုရားရှင်ရဲ့ ကာကွယ်စောင့်ရှောက်မှုခရီး*
*တို့တွေအားလုံး ဘုရားသခင်ရဲ့ လက်ကိုစွဲလို့ကိုင်ပြီး*
*ဘဝလှေခရီး ဆက်၍လှော်မယ် ဘုရားရှင်ရဲ့ ခွန်အားနဲ့*
*ဘယ် ရာစုနှစ် ဆီသို့တိုင် **?***

**( W D C - Women Development Centre)** သူငယ်ချင်းများ အားလုံး အတွက်၊

**နန်းခင်ဖြူ ( W D C )**

**00000000000000000000000000000000000000000**

## သူ့ကိုနားလည်ပေးပါ

ဂေါလဂေါသ ထိုအရပ်မှာ
ဆိုးမယ် မိုက်မယ်
ခိုးမယ် တိုက်မယ်ဆိုတဲ့ သူ
ကားတိုင်ပေါ် မသေခင် ၊
ထိုအရှင်ကို နားလည်ခဲ့လို့
ကယ်တင်ခြင်း အလင်းကို သူရခဲ့တယ်။

ယနေ့ – ကြည့်လိုက်ပါ မိတ်ဆွေ
မဆိုး မမိုက် ၊ မခိုး မတိုက်ခဲ့
ဘုရားကျောင်းတွေ မှန်မှန်တက်နေခဲ့
အလှူငွေ မှန်မှန် ထည့်နေလဲ
ယုံကြည်ခြင်း မှုန်ဝါးဝါးတွေနဲ့
ကားတိုင်ပေါ်က ယေရှုကို နားမလည်သေးသ၍
ခရစ်ယာန်တွေ နောက်ကျန်နေမှာဘဲ ။


အသက်တာ စိတ်ချစေရေးနဲ့ ၊
ကယ်တင်ခြင်း အလင်း ရစေဖို့အတွက်
ကဲ – လာပါ မိတ်ဆွေ ၊
ကားတိုင်ပေါ်က သူ့ကို နားလည်အောင် ကြိုးစားကြပါစို့ ။ ။

**နေးနေး ( အင်းစိန် )** ၁၁–၇–၀၅

( ကားတိုင်ပေါ်က သခင်ယေရှုအကြောင်း သင်ကြားပေးသော ဆရာ တစ်ဦးအား ဤကဗျာဖြင့် ဂုဏ်ပြုပါသည်။ )

oooooooooooooooooooooooooooooooooooooooooooooo

## <u>ပြန်လှည့်ပါ သူ့မေတ္တာ</u>



အသင် …
သခင် မပါ ၊ အထီးကျန်စွာနှင့်
ကန္တာရ အက်ကြောင်း လမ်းပေါ်မှာ
ဘယ်ထိ ဆက်လျှောက်နေမှာလဲ –
အသင်၊


အမြင် …
သခင့် အတွက် မပါ ၊ အတ္တဆန် စွာနှင့်
အကြံအဖန် အိုအေစစ် လမ်းပေါ်မှာ
ဘယ်ထိ မျှော်မှန်းနေမှာလဲ –
– အမြင် ။

သခင် …
ငြိုငြင်ခြင်း မပါ ၊ ချစ်မေတ္တာနှင့်
သွေးစက်စွန်းထင်း ၊ ဝေဒနာလမ်းမှာ
မင်းနဲ့ ငါတွက် အသွေးသွန်းခဲ့တဲ့
ထာဝရ ကာလထိ ဆက်ချစ်နေမဲ့ –
– သခင် ။

အချစ် …
ဟန်ဆောင်မှု မပါ ၊ ရိုးသားစွာနှင့်
စစ်မှန်နောင်တ ၊ သခင့် ခြေရင်းမှာ
ဒူးထောက်ဝန်ချ အပြစ် စွန့်ပစ်လိုက်ပါက
အခြေနေကို မကြည့် အမြဲကမ်းလင့်နေမည့်
ယေရှုသခင့်ထံ ပြန်လှည့်ခဲ့ပါ –
– အချစ် ။

**ရောနေ**

# ရှာပြန်ရက်



ဖွဲ့နွဲခါးတွေ စား
အမှားတွေ များတဲ့ ဒီမြေကို
စုန်းတောက်တဲ့ တုတ်တစ်ချောင်း
ကောင်းကောင်းရမှ ပြန်ခဲ့မယ် ။

ဘ၀ ကဝေ ရဲ့ ရိုက်ချက်
ခါးသက်သက် ဒဏ်ရာတစ်ချို့
အမှန်နဲ့ အမှား သဏ္ဍာန်တွေကြားမှာ
မျှော်လင့်ချက် မနက်ဖြန်တွေနဲ့
ဗျာများခဲ့ရတဲ့ အရိုးကျိုးညတွေ အပါအ၀င်ပေါ့ ။

ဖွဲ့နွဲခါးတွေ စား
အမှားတွေများတဲ့ ဒီမြေကို
စုန်းတောက်တဲ့ တုတ်တစ်ချောင်း
ကောင်းကောင်းရမှ ပြန်ခဲ့မယ် ။ ။

**သက်ထားချို**

(မှတ်ချက် – စုန်းတောက်တဲ့ တုတ်တစ်ချောင်း ကောင်းကောင်းရမဲ့ နေ့သို့ ...)

oooooooooooooooooooooooooooooooooooooooooooooo




ကျမ်းစာသင်တန်း တစ်ခုကို ကျွန်မ မမျှော်လင့်ဘဲ တက်ခွင့် ရခဲ့ပါတယ်။ သင်တန်းမှာ အဓိက ထားပြီးဆွေးနွေးတဲ့ ကျမ်းချက်ကတော့ ၁ကော ၁၃း၁–၈ ဘဲ ဖြစ်ပါတယ်။ အဲဒီ ကျမ်းပုဒ်ထဲကမှ အခန်းငယ် ၄ – ၈ ကို အသေးစိတ် ဆွေးနွေးကြရင်း မိမိတို့ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ပါတ်သက်တဲ့ အတွေ့အကြုံတွေကို သက်သေခံ ဝေငှခိုင်းပါတယ်။ အမျိုးသမီး တစ်ယောက် သက်သေခံခဲ့တဲ့ အဖြစ်အပျက်လေးကို ပြန်ဖောက်သယ်ချ ဝေငှလိုက်ပါရစေ။

မိုက်ကယ် နဲ့ ဂျူလီတို့ဟာ သူငယ်ချင်း တစ်ယောက်ရဲ့ မွေးနေ့ ပါတီ တစ်ခုမှာ တွေ့ဆုံသိကျွမ်းခဲ့ကြပါတယ်။

နောက်တစ်နေ့မှာ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စကား ပြောနိုင်ဖို့ မြို့လည်ခေါင်က ကဖေးဆိုင် တစ်ခုမှာ ချိန်းတွေ့ကြပါတယ်။ ကဖေးဆိုင်ကို ရောက်ပြီး ကော်ဖီနှစ်ခွက် မှာလိုက်ပါတယ်။ နှစ်ဦးသား ရှက်ရွံ့တဲ့ စိတ်တွေနဲ့မို့ ပြောစရာ စကား ရှာမရဘဲ ကောက်ဖီခွက်ကို ဆော့ ကစားရင်း အချိန်ကုန်မှန်းမသိ ကုန်ခဲ့ပါတယ်။ ဒီအချိန်မှာ မိုက်ကယ်ဟာ အကြံတစ်ခု ရသွားပါတယ်။ စားပွဲထိုးကို "ညီလေးရေ – အစ်ကို့ အတွက် ဆားတစ်ဇွန်း ခပ်ပြီး ယူလာပေးပါ" လို့ မှာလိုက်ပါတယ်။ ဆား ရောက်လာရင်ဘဲ သူ့ကော်ဖီခွက်ထဲကို ထည့်ခိုင်းပြီး မွှေလိုက်ပါတယ်။ အဲဒီအချိန်မှာ ဂျူလီက "ရှင် ဘာ့ကြောင့် ကော်ဖီထဲကို ဆားထည့်သောက်တာလဲ" လို့ အံ့ဩတကြီး မေးလိုက်တဲ့အခါ မိုက်ကယ်က ဝမ်းသာအယ်လဲ ဖြစ်သွားပြီး မိမိတို့ မိသားစုဟာ ငယ်စဉ်ကတည်းက မိသားစု ဆွေစဉ်မျိုးဆက်တိုင် ဆားချက်တဲ့ လုပ်ငန်းနဲ့ အသက်မွေးခဲ့ရကြောင်း ငယ်ငယ် ကတည်းက ဆားတွေနဲ့ ဆော့ ကစားခဲ့ကြရကြောင်း ဆားချက်တဲ့ ရွာက လာခဲ့တဲ့အတွက် ဘာစားစား ဘာသောက်သောက် ဆားမပါရင် စားလို့သောက်လို့ မကောင်းကြောင်း ရှင်းပြရင်း ဂျူလီနဲ့ ရင်းနှီးမှု ရယူပြီး တဖြည်းဖြည်း ချစ်သူ အဖြစ်မှ လက်ထပ်ထိမ်းမြား အကြင်လင်မယားဖြစ်သွားတဲ့ အထိ ချစ်ခြင်း မေတ္တာ ပွားများခဲ့ကြပါတယ်။

သူတို့နှစ်ယောက် လက်ထပ်ပေါင်းသင်းခဲ့တာ အခုဆိုရင် နှစ်ပေါင်း လေးဆယ်ကျော် တောင် ကြာခဲ့ပါပြီ။ တစ်နေ့မှာတော့ မိုက်ကယ်ဟာ အပြင်း ဖျား ပါတယ်။ သူ့ရဲ့ နောက်ဆုံးအချိန် ရောက်လာပြီဆိုတာ သူကိုယ်တိုင် ခံစားမိတဲ့ အတွက် အနားမှာရှိတဲ့ ဂျူလီကို သူသေသွားပြီးတဲ့အခါ သူ့ရဲ့ အ၀တ် သေတ္တာကို ရှင်းပေးပါလို့ တဖွဖွ တောင်းပန်မှာကြားနေပါတယ်။

မိုက်ကယ် သေဆုံးသွားပြီးလို့ ရက်လည်ကိစ္စတွေ ပြီးသွားတယ် ဆို ရင်ဘဲ ဂျူလီဟာ ကတိပေးခဲ့တဲ့အတိုင်း မိုက်ကယ်ရဲ့ အ၀တ်သေတ္တာကို ရှင်းပေးဖို့ ဖွင့်လိုက်တဲ့အခါ သူ့နာမည်နဲ့ မိုက်ကယ် ရေးထားခဲ့တဲ့ စာ တစ်စောင် ကို တွေ့လိုက်ရပါတယ်။

စာထဲမှာ ရေးထားတာကတော့ –

*အစ်ကို အချစ်ရဆုံး ဂျူလီ - - -*

*ဂျူလီ့ကို နှစ်ပေါင်း လေးဆယ်ကျော် လိမ်ညာမိခဲ့တဲ့ ကိစ္စတစ်ခု အတွက် အခုအချိန်မှာ စိတ်မကောင်းခြင်း များစွာနဲ့ တောင်းပန်ချင် ပါတယ်။ ဒီနှစ် အတွင်းမှာ ဖွင့်ပြောချင်ပေမဲ့ လူညာကြီး အစ်ကို့ကို ဂျူလီ စိတ်အနာကြီး နာပြီး ခွင့်မလွှတ်မှာကို၊ အစ်ကို ခံနိုင်ရည် အစွမ်း မရှိလို့ ဖွင့်မပြော ဖြစ်ခဲ့ပါဘူး။*

*တကယ်တော့ အစ်ကိုဟာ ဆားချက်တဲ့ သူလဲ မဟုတ်၊ ဆားချက် တဲ့ ရွာက လူလဲ မဟုတ်၊ ဆားရဲ့ အငန် ဓါတ်ကိုလဲ ကြိုက်နှစ်သက်ခဲ့တဲ့သူ မ ဟုတ်ခဲ့ပါဘူး။ ဂျူလီ နဲ့ အစ်ကို ပထမဦးဆုံး ချိန်းတွေ့တဲ့နေ့က ဂျူလီ စကားပြော လာအောင် သက်သက်မဲ့ လိမ်ညာပြီး အကြံထုတ်ခဲ့တာပါ။ တောင်းပန်ပါတယ်ကွယ်။ အစ်ကိုတို့ နှစ်ယောက် လက်ထပ်ပြီးလို့ အတူ နေတဲ့ အချိန်က စပြီး အစ်ကို့ကို ဂျူလီ နေ့တိုင်း ဆားနဲ့ ကော်ဖီ ဖျော်ပေးခဲ့ တယ်နော်။ အစ်ကို လုံး၀ မကြိုက်ပေမဲ့ ဂျူလီ့ရဲ့ စေတနာ မေတ္တာကို မလွန် ဆန်ချင် တဲ့အတွက် အောင့်အီး သည်းခံပြီး ကြိတ်မှိတ် သောက်ခဲ့ရပါတယ်။*

*ဂျူလီက အစ်ကိုဟာ ကော်ဖီကို ဆားနဲ့မှ သောက်တတ်တယ်လို့ ထင်ပြီး မေတ္တာနဲ့ ဖျော်ပေးခဲ့တဲ့အတွက် အစ်ကို မငြင်းဆန် ၀ံ့ခဲ့ပါဘူး။ ဒါဟာလဲ အစ်ကို့ အပြစ်ပါဘဲလေ။*

***အစ်ကို သက်ရှိထင်ရှား ရှိနေတဲ့ အချိန်တုံးက ဖွင့် မပြောရတာက ဂျူလီ စိတ်ထိခိုက်ပြီး အစ်ကို့ကို လူလိမ် လူညာကြီး အဖြစ်နဲ့ မုန်းတီးသွားမှာကို မရင်ဆိုင် မခံစား ချင်လို့ပါဘဲ။*** *ဒါဟာလဲ ဂျူလီ့ကို သိပ်ချစ် လို့ပါ။ အစ်ကို့ကို ကျေးဇူး ပြုပြီး ကျေနပ် ခွင့်လွှတ်ပေးပါနော်။*

စာကို အဆုံးထိ ဖတ်ပြီးတယ် ဆိုရင်ဘဲ ဂျူလို့ရဲ့ မျက်ဝန်းမှာ မျက်ရည်တွေနဲ့ စိုရွှဲလို့ သွားပါတော့တယ်။ သူမရဲ့ မေတ္တာ ပျက်သွားမှာစိုးလို့ ကော်ဖီကို ဆားနဲ့ ဖျော်သောက်ဖို့ မကြိုက်တာကိုတောင် ကြိုက်ဟန်ဆောင် ပြီး အနှစ်လေးဆယ် ကျော်တဲ့အထိ တစ်ချက်လေးမှ မငြင်းဆန်ဘဲ ဆားငန် ရည်ကော်ဖီကို အပြုံးမပျက် သောက်သွားရှာတဲ့ ချစ်ခင်ပွန်းရဲ့ မေတ္တာကြီးမား ပုံကို ဂျူလီ ခံစား သိရှိလိုက်ပါတယ်။

*မေတ္တာသည် စိတ်ရှည်တတ်၏၊ ကျေးဇူးပြုတတ်၏၊ မေတ္တာသည် ဂုဏ်ပြိုင်ခြင်း မရှိ၊ ဝါကြွားခြင်း မရှိ၊ မာန်မာန မရှိ၊ မလျောက်ပတ်စွာ မကျင့်တတ်။ ကိုယ့်အကျိုးကို မရှာတတ်၊ ဒေါသအမျက် မထွက်တတ်၊ အပြစ် ရှိသည်ဟု မထင်တတ်၊ မတရားသော အမှု၌ ဝမ်းမြောက်ခြင်း မရှိတတ်၊ သမ္မာ*

*တရားနှ ၀မ်းမြောက်တတ်၏။ ခပ်သိမ်းသော အရာကို ဖုံးအုပ်တတ်၏၊ ခပ်သိမ်းသော အရာကို ယုံတတ်၏၊ ခပ်သိမ်းသော အရာကို မြော်လင့်တတ်၏။ ခပ်သိမ်းသော အရာကို သည်းခံတတ်၏။ မေတ္တာသည် ဖောက်ပြန်ခြင်း သဘောနှင့် အစဉ် ကင်းလွတ်၏။ ၁ကော ၁၃း၄–၈*

**ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏၊ သားတော် အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှာ ဘုရားသခင်သည် တစ်ပါးတည်းသော သားတော်ကို ဤလောကကို စေလွှတ်တော်မူသောအရာ၌ ငါတို့ကို ချစ်တော် မူသော မေတ္တာတော်သည် ထင်ရှားလျက်ရှိ၏။ ၁ယော ၄း၉**

ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၌ –

**မေဌွန်**

ooooooooooooooooooooooooooooooooooooooooooooooooo

# အောင်မြင်သောအသက်တာရရန်စည်းကမ်းချက်



*✳ သင့် လိုအပ်ချက်များရရန် မည်သို့ ဆုတောင်းရမည်နည်း။*

ဘုရားသခင်၏ ဆန္ဒမှာ သင့်ကို အောင်မြင်သောသူ၊ ခန္ဓာ၊ စိတ်ဝိညာဉ် ကြွယ်ဝသောသူ ဖြစ်စေချင်ကြောင်း ယုံကြည်ပါ။

ယေရမိ ၃၃း၉ – ဘုရား၏ သားသမီးဖြစ်ကြောင်း အများရှေ့တွင် သိသာ ထင်ရှား နေရမည်။

**ဤမြို့သည် ငါ၀မ်းမြောက်စရာ အကြောင်း၊ မြေပေါ်မှာ ခပ်သိမ်းသော လူမျိုးတို့တွင် ချီးမွမ်းစရာအကြောင်း၊ ဂုဏ်အသရေတော် ကျော်စောရာ အကြောင်း ဖြစ်လိမ့်မည်။**

**ဤမြို့သားတို့အား ငါပြုသမျှသောကျေးဇူးကို လူအမျိုးမျိုးတို့သည် ကြားသိကြလိမ့်မည်။ ဤမြို့၌ ငါပြုသမျှသော စည်းစိမ် ချမ်းသာကို ထောက်၍ ကြောက်ရွံ့ တုန်လှုပ်ကြလိမ့်မည်။**

က) ဘုရားသခင်၏ ကတိတော်များကို ယုံကြည်ခြင်းရှိပါ။

ခ) ဘုရားသခင်က ကျွန်ုပ်တို့အား ကြွယ်ဝသော အသက်တာပေးလို၍ ပုံသွင်းပေးသည်၊ ပြီးမှ ချီးမြှောက်သည်။

ဂ) ဘုရားသခင် ပေးသော ကောင်းကြီးကို လက်ခံပါ။

*✳ ဆုတောင်းသည့်အခါ တိတိကျကျတောင်းပါ။*

**မဿဲ ၆း၁၁ – အသက်မွေးလောက်သော အစာကို အကျွန်ုပ်တို့အား ယနေ့ ပေးသနား တော်မူ ပါ။**

ဥပမာ – မိမိ၏ အိမ်ထောင်ဘက်အတွက် မိမိလိုချင်သော ပုံသဏ္ဍာန်ကို ဘုရားသခင်ထံ တိတိကျကျ ဖော်ပြတောင်းခံပါ။ ငွေ လိုအပ်ပါက လိုအပ်သော ငွေပမာဏကို အတိအကျ တောင်းပါ။ အချို့သော သူများက "ဘုရား အလိုတော် ရှိရင် ရမှာပေါ့" ဟုပြောတတ်ကြပါသည်။ ဘုရား၏ အလိုတော်မှာ ကျွန်ုပ်တို့ကို အောင်မြင်သောသူ ဖြစ်စေချင်ပါသည်။

**၁ယော ၅း၁၄ – ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံတစ်ခုသော ဆုကို တောင်းလျှင် ဘုရားသခင်သည် နားထောင်တော်မူ၏။** ဟု ရေးသားထားသလို ဟေဗြဲသြဝါဒ စာစောင်တွင်လဲ ဘုရားသခင်၏ နှုတ်ကပါတ်တော်နှင့် အညီ တောင်းရမည်ဟု ပြောထားပြန်ပါသည်။

ကျန်းမာရေးအတွက် တောင်းပါက "ဘုရားသခင် ကျန်းမာခြင်း ပေးပါ " ဟု မပြတ်မသား မတောင်းဘဲ မိမိခံစားနေရသော အနာရောဂါ၏ နာမည် ဥပမာ – အစာအိမ်ရောဂါ၊ ခေါင်းကိုက်ရောဂါ – စသဖြင့် အတိအကျ တောင်းပါ။

ငွေကြေး လိုအပ်ပါက ပမာဏကို အတိအကျ ဖော်ပြ၍ တောင်းခံပါ။ ပြဿနာဖြစ်ပါက အသေးစိတ် ဖော်ပြ၍တောင်းခံပါ။ အခြားသူများ အတွက် တောင်းခံပေးပါက နာမည်နှင့် ကိစ္စကို ဖော်ပြတောင်းခံပါ။

*✳ ဘုရားသခင်၏ ကတိတော်များကို ကိုင်ဆွဲ၍ ဆုတောင်းပါ။*

**ဆာလံ ၁၁၉း၄၉ – အကျွန်ုပ် မြော်လင့်စရာအကြောင်း၊ ကိုယ်တော်၏ ကျွန်၌ ထားတော်မူသော နှုတ်ကပါတ်တော်ကို အောက်မေ့တော်မူပါ။ ဗျာဒိတ်တော်အားဖြင့် အကျွန်ုပ် အသက်ရှင်သည်ဖြစ်၍ ဆင်းရဲကို ခံရစဉ်တွင် ထို နှုတ်ကပါတ်တော်သည် အကျွန်ုပ် သက်သာစရာ အကြောင်း ဖြစ်ပါ၏။**

*✳ ကယ်တင်ခြင်း လိုအပ်သောသူများအတွက် အောက်ပါ ကျမ်းချက်များကို ကိုင်ဆွဲ၍ တောင်းခံပါ။*

**၂ပေ ၃း၉ – လူအချို့တို့သည် နှေးခြင်းကို မှတ်သည်အတိုင်း ထာဝရဘုရား သည် ကတိတော် အရာမှာ နှေးတော်မမူ၊ ငါတို့တွင် အဘယ်သူမျှ မပျက်စီးဘဲ ရှိသမျှတို့သည် နောင်တရစေခြင်းငှာ အလိုတော်ရှိ၍ ငါတို့ကို သည်းခံတော်မူ၏။**

**တ ၁၆း၃၁ – ထိုသူကလည်း သခင်ယေရှုခရစ်ကို ယုံကြည်လော့၊ ယုံကြည်လျှင် သင်နှင့် သင်၏ အိမ်သူအိမ်သားတို့သည်၊ ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်၊ – ။**

*✳ ကျန်းမာခြင်းအတွက် လိုအပ်ပါက –*

**ထွက်မြောက်ရာ – ၁၅း၂၆ – သင်တို့သည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား၏ စကားကို စေ့စေ့နားထောင်၍ နှစ်သက်တော်မူသော အကျင့်ကို ကျင့်လျှင်၎င်း၊ ပညတ်တရားတော် အလိုသို့ လိုက်၍ စီရင်တော်မူချက်တို့ကို ကျင့်စောင့်လျှင်၎င်း၊ ငါသည် အဲဂုတ္တုလူတို့၌ စွဲစေသော ရောဂါ တစ်စုံတစ်ခုကိုမျှ သင်တို့၌ မစွဲစေ၊ ငါသည် သင်တို့၏ ရောဂါကို ငြိမ်းစေသော ထာဝရဘုရား ဖြစ်သည်ဟု မိန့်တော်မူ၏။**

**တရားဟော ၇း၁၅ – ထာဝရဘုရားသည်လည်း အနာရောဂါ ရှိသမျှတို့ကို သင့်ဆီက ပယ်ရှား၍ သင်သိသော အဲဂုတ္တုပြည်၏ အနာဆိုးကို သင်၌ စွဲစေတော်မမူ၊ သင့်ကို မုန်းသောသူ အပေါင်းတို့ ၌ စွဲစေတော်မူမည်။**

*✳ ငွေရေးကြေးရေးနှင့် ပါတ်သက်ပါက –*

**မာလခိ – ၃း၁၀–၁၃ – ဆယ်ဖို့တစ်ဖို့ ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍ ငါ့ အိမ်တော်၌ စားစရာရှိစေခြင်းငှာ ပြုကြလော့၊ ငါသည် မိုးကောင်းကင် ပြူတင်းပေါက် တို့ကို ဖွင့်၍ ကောင်းကြီး မင်္ဂလာကို အကုန်အစင် သွန်းလောင်းမည် မသွန်းလောင်း မည်ကို ထိုသို့စုံစမ်းကြလော့ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့်တော်မူ၏။**

**ကိုက်စားတတ်သော အကောင်ကို သင်တို့အတွက် ငါဆုံးမ၍ သင်တို့၏ မြေ အသီးအနှံကို မဖျက်ဆီးရ၊ သင်တို့ စပျစ်ဥယျာဉ်သည် အသီးမသီးဘဲ မနေရဟု ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။**

**လူမျိုးအပေါင်းတို့သည်၊ သင်တို့ကို မင်္ဂလာရှိသောသူဟူ၍ ခေါ်ဝေါ်ကြလိမ့်မည်။ သင်တို့ ပြည်သည်လည်း နှစ်သက်ဘွယ်သောပြည် ဖြစ်လိမ့်မည်ဟု ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။**

သခင့်စကား ၄-၅၁

( မှတ်ချက် ... မင်္ဂလာရှိသောသူ ဆိုသည်မှာ –
၁) ခန္ဓာ ကျန်းမာခြင်း ၊ ၂) စိတ် ချမ်းသာခြင်း ၊ ၃) ဝိညာဉ် အလင်းပွင့်၍ အစဉ်တစိုက် ကြီးထွားခြင်း (သို့) ဘုရားနှင့် အစဉ် အကျွမ်းတဝင်ရှိခြင်း။ )

**လုကာ ၆း၃၈ – သူတပါးအား ပေးကြလော့၊ ပေးလျှင် သူတပါးသည် သင်တို့အား ပေးကြလိမ့်မည်။ အမှန်ခြင်ရုံမျှမက သိပ်နှက်လျှက်၊ လှုပ်လျှက်၊ လျှံလျှက်ရှိခြင်းနှင့် သင်တို့ ရင်ခွင်၌ အပ်ပေးကြလိမ့်မည်။ အကြောင်းမူကား အကြင်ချိန် တင်းပမာဏ နှင့် သင်တို့သည် သူတပါးအား ပေး၏၊ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။**

** ဉာဏ်ပညာနှင့် ပါတ်သက်၍တောင်းခံလိုပါက –*

**ယာ ၁း၅ – သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည် ပညာကို လိုလျှင် ကဲ့ရဲ့ ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ၊ ခပ်သိမ်းသောသူတို့အား စေတနာ စိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကိုတောင်းစေ၊ တောင်းလျှင်ရလိမ့်မည်။**

** နိမိတ်လက္ခဏာ တောင်းခံလိုပါက –*

**ယေရမိ ၃၃း၃ – ငါ့ကို ခေါ်လော့၊ ငါ ထူးမည်၊ ကြီးသော အရာ သင်မသိနိုင်အောင် နက်နဲသော အရာတို့ကို ငါပြမည်။**

**ယေရမိ ၃၂း ၂၇ – ငါ ထာဝရဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့ကို အစိုးရသော ဘုရားသခင် ဖြစ်တော်မူ၏။ ငါ မတတ်နိုင်သော အရာတစ်စုံတစ်ခု ရှိလိမ့်မည်လော။**

** အသက်မွေးဝမ်းကျောင်း အလုပ်ရရန် –*

**၁သက် ၄း၁၁–၁၂ – ပြင်ပ လူတို့ရှေ့၌ လျှောက်ပတ်စွာ ကျင့်၍ အဘယ်မျှ မလိုရအောင် ငါတို့သည် အထက်က မှာထားသည်နှင့်အညီ၊ ငြိမ်ဝပ်စွာနေ၍ ကိုယ်အမှုကို ဆောင်ရွက်လျှက် ကိုယ်လက်နှင့် လုပ်ဆောင်ခြင်းငှာ စေတနာစိတ်နှင့် ကြိုးစားအားထုတ်မည် အကြောင်းကို ငါတို့သည် တိုက်တွန်းသွေးဆောင်ကြ၏။**

**၂သက် ၃း၁၀ – အဘယ်သို့နည်းဟူမူကား – သင်တို့နှင့် အတူရှိစဉ် အခါ၊ အလုပ် မလုပ်ချင်သော သူမည်သည်ကား၊ အစာကိုလဲ မစားစေနှင့်ဟု ပညတ်ထားကြပြီ။**

**ဖေက် ၄း၂၈ – မိမိလက်နှင့် ကောင်းသောအလုပ်ကို လုပ်ဆောင် အားထုတ်စေ။**

** ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေသော ဆုတောင်းချက် –*

ဟေဇကိ မင်းကြီး၏ ဆုတောင်းချက် –

**ဟေရှာယ ၃၇း၁၄–၂၀ – ခေရုဗိမ်ပေါ်မှာ ထိုင်တော်မူသော ဣသရေလ အမျိုး၏ ဘုရားသခင် ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၊ ကိုယ်တော်သည် ဘုရားသခင်ဖြစ်တော်မူ၏၊ ကိုယ်တော် တစ်ပါးတည်းသာလျှင် မြေကြီးပေါ်မှာ ရှိသမျှသော အတိုင်းတိုင်း အပြည်ပြည်တို့၏ ဘုရားသခင် ဖြစ်တော်မူ၏၊ ကိုယ်တော်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏ အိုထာဝဘုရား – နားတော်ကို လှည့်၍ နားထောင် တော်မူပါ။ အိုထာဝဘုရား – မျက်စိတော်ကိုဖွင့်၍ ကြည့်ရှုတော်မူပါ။ သနာခရိပ်မင်းသည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ကဲ့ရဲ့၍ ပြောစေသော စကား အလုံးစုံတို့ကို မှတ်တော်မူပါ။ အိုထာဝရဘုရား အကယ်စင်စစ် အာရှုရိ ရှင်ဘုရင်တို့သည် အတိုင်းတိုင်း အပြည်ပြည်တို့ကို ဖျက်ဆီး၍ သူတို့ ဘုရားများကို မီးထဲသို့ ချပစ်ကြပါပြီ။**

**အို အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရား ကိုယ်တော် ထာဝရ ဘုရား တစ်ပါးသာ ဘုရားသခင် ဖြစ်တော်မူသည်ကို မြေကြီးပေါ်မှာ ရှိသမျှသော တိုင်းနိုင်ငံတို့သည် သိမည်အကြောင်း အကျွန်ုပ်တို့ကို ထိုမင်း လက်မှ ယခု ကယ်တင် တော်မူပါ။**

** ဒါဝိဒ်သည် ဂေါလျတ်ကို ရင်ဆိုင် တိုက်ခိုက်သည့်အခါ ဘုရားသခင်၏ ဘုန်းတော်ကို ထုတ်ဖော်ကြွေးကြော်ခြင်း ။*

**၁ရာ ၁၇း၄၆–၄၇ – ထာဝရဘုရားသည် သင့်ကို ငါ့လက်၌ ယနေ့ အပ်တော်မူသဖြင့် သင့်ကို ငါသတ်၍ လည်ပင်းကို ဖြတ်မည်။ ဖိလိတ္တိ ဗိုလ်ခြေ အသေကောင်များကို မိုးကောင်းကင်ငှက်နှင့် သားရဲတို့အား ယနေ့ ငါပေးမည်။ ဣသရေလ အမျိုး၏ ဘုရားသခင် ရှိတော်မူသည်ကို မြေကြီးသားအပေါင်းတို့သည် သိရကြလိမ့်မည်။ ထာဝရ ဘုရားသည် ဓါး လှံ အားဖြင့် ကယ်တင်တော် မမူကြောင်းကို ပရိတ်သတ် အပေါင်းတို့သည် သိရကြလိမ့်မည်။ အကြောင်းမူကား ထာဝရဘုရား သည် စစ်မှုကို ပိုင်၍ ငါတို့ လက်သို့အပ်နှံတော်မူသည်။**

ဖတ်ရှုသူ အယောက်စီတိုင်း၏ အသက်တာတွင် အမှန်တကယ် အသုံးချ လိုက်လျှောက်ခြင်းဖြင့် အစဉ် အောင်မြင်သော ခရစ်ယာန် အသက်တာကို ထာဝရ ပိုင်ဆိုင်နိုင်ပါစေ။ ။

ခရစ်တော်၏ နာမ၌ –

**မျိုးဦးဓမ္မ**

# ဘလူးစတားစ်မှ သူငယ်ချင်းသို့ ပေးစာ

သို့ –

သူငယ်ချင်း

မင်းရဲ့ ဖိတ်ခေါ်မှုကြောင့် ဘလူး စတားစ် **( Blue stars )** ညီအစ်ကို တွေရဲ့ မိတ်သဟာယကို ပြီးခဲ့တဲ့ အပါတ်က ရောက်လာခဲ့တယ်။ မင်းတို့ မိတ်သဟာယကို ရောက်ရောက်ချင်း ငါ့ရင်ထဲက ခံစားချက်တစ်ချို့ကို ဒီစာလေးနဲ့ မင်းတို့ သူငယ်ချင်းတွေအားလုံး သိရအောင် ရင်ဖွင့်ပြီး ရေးလိုက်ပါတယ်။

မင်းနဲ့ငါ သူငယ်ချင်းဖြစ်တာ ဘာလိုလိုနဲ့ ၁၀ နှစ်ကျော်တောင် ရှိသွား ခဲ့ပြီနော်။ ဘဝရဲ့ စားဝတ်နေရေးနဲ့ ကြီးပွားတိုးတက်ရေး အတွက် ငါလဲ မင်းနဲ့ ခွဲပြီး သင်္ဘောလိုက်ခဲ့တာ ၁၉၉၈ ခုနှစ် ကတည်းက ဆိုပါတော့ ကွာ။ သင်္ဘော ဆိုတာ ငါ့အ တွက်တော့ ရေထဲက အကျဉ်း ထောင်ကြီး တစ်ခုလိုပါဘဲ။ ငါ လိုက်တဲ့ သင်္ဘောက ခရီးသည် တင်သင်္ဘော ဆိုတော့ သာမာန် ကုန်တင် သင်္ဘောတွေထက် စာ ရင် အလုပ်ချိန် ပိုများတယ်။




သင်္ဘောပေါ်မှာကလဲ အလုပ်များတော့ အလုပ်သမား အချင်းချင်း ကြည့် မရတော့ဘဲ ရန်လိုတဲ့စိတ်တွေ များလာခဲ့တယ်။ တစ်ယောက်နဲ့ တစ်ယောက် မိတ်သဟာယဖွဲ့ဖို့ မပြောနဲ့၊ မျက်နှာချင်းတောင် မဆိုင်ချင်ကြ တော့ဘူးပေါ့ကွာ။ ယုံကြည်သူ အချင်း ချင်းတောင် "ဘယ်သူ သေသေ ငတေ မာ ရင် ပြီးရော" ဆိုတဲ့ ပုံစံမျိုးနဲ့ ဓါးနဲ့ နောက် ကျောထိုးတာ ငါ ကိုယ်တိုင် ခံလိုက် ရ တယ် သူငယ်ချင်း။

သင်္ဘောတက်ဖို့ ရန်ကုန်က စထွက်တိုင်း ထောင်ထဲ သွားရတဲ့ အကျဉ်း သား တစ်ယောက်လို ငါ ခံစား ရတယ်။ သင်္ဘောပေါ် ရောက် တဲ့နေ့က စပြီး စာချုပ်သက်တမ်း ပြည့်မဲ့နေ့ကို စက်ရုပ်တစ်ရုပ်လို အလုပ် လုပ်ရင်း စောင့်ခဲ့ရတာ ကမ္ဘာတစ်ခုဖန်ဆင်းသလို ပါဘဲကွာ။ သင်္ဘောပေါ်မှာ ရှိနေတုံးမှာ လဲ အလုပ်ပင်ပန်းမှု၊ စိတ်မွန်းကျပ်မှု၊ စိတ် ဆင်းရဲစရာ ပြဿနာ တွေ အပြည့်နဲ့ ပေါ့ကွာ။ အဲဒီ အချိန်တိုင်းမှာ ကုန်း ပေါ်မှာ အလုပ်လုပ်ခွင့် ရဖို့ ဘုရားသခင် ဆီမှာ မျက်ရည်ကျပြီး ငါ အကြိမ် ကြိမ် ဆုတောင်းခဲ့ဖူးတယ် သူငယ်ချင်း။ ကုန်းပေါ်မှာသာ ငါ အလုပ်လုပ်ခွင့် ရရင် တစ်ပါတ်တစ်ခါ ဘုရား ကျောင်း တက်ခွင့်ရမယ်။ ယုံကြည်သူတွေနဲ့ မိတ်သဟာယ ဖွဲ့ခွင့်ရမယ်။ ဘုရားဝတ်၌ ပိုပြီး မွေ့လျော် နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ပေါ့ကွာ။

ငါသင်္ဘောလိုက်တာ ကြာပြီဆိုတော့ ငါ့မှာ ငွေရေးကြေးရေး အဆင်ပြေလိမ့်မယ်လို့ မင်း ထင်ကောင်းထင်လိမ့်မယ်။ အဲဒီလောက်တော့ အထင်မကြီး လိုက်ပါနဲ့၊ သင်္ဘောနားတဲ့ ကာလနဲ့ ပြန်မထွက်ခင် စပ်ကြားမှာ သုံးတဲ့ အသုံးစရိတ်၊ သင်္ဘောပေါ်တက်တုံးက ချေးထားတဲ့ ငွေရဲ့ အတိုးကို ပြန်ဆပ်ရတာတွေ၊ နောက်တစ်ခေါက် ထပ်လိုက်ဖို့ ပွဲစားခ၊ အဲဒီငွေတွေနဲ့ လုံးလည် ချာလည်လိုက်ရင်း ရှာထားတာတွေဟာ စားတာနဲ့တောင် မလောက်မင ဖြစ်ခဲ့ရတာပါဘဲကွာ။ ဘာမှလဲ မယ်မယ်ရရ မစုဖြစ်ပါဘူးကွာ။

သင်္ဘောပေါ်က အလုပ်ပြီးလို့ ဆင်းခွင့်ရတဲ့နေ့ဟာ ငါ့အတွက်တော့ စာမေးပွဲအောင်တဲ့ သူတစ်ယောက်လို၊ လှောင်အိမ်ထဲက လွတ်သွားတဲ့ ငှက်တစ် ကောင်လို လွတ်လပ် ပေါ့ပါးသွားတာပေါ့ကွာ၊ အင်း – အဲဒီ

လွှတ်လပ်မှုတွေ ကလဲ နောက်တစ်ခါ သင်္ဘောပေါ်ပြန်တက်ခွင့် မရမချင်း အထိပေါ့ကွာ။

ဒီလိုနဲ့ဘဲ ငါဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်သက်သက်ကြောင့် စင်ကာပူမှာ ကျောင်းတက်ဖို့ အခွင့်အလမ်းတစ်ခုကို ရခဲ့တယ်။ ဘုရားဆီမှာဘဲ ဆက်ကပ်ဆုတောင်းပြီး ကျောင်းတက်ခွင့်ရဖို့ လျှောက်ခဲ့တယ်ပေါ့ကွာ။ ၄ဘာသာ လျှောက်တာ ၃ဘာသာ ပယ်ချခြင်း ခံရပြီးတဲ့နောက်မှာ ကျန်တဲ့ နောက်ဆုံး တစ်ဘာသာ တက်ခွင့်ရဖို့ ဘုရားသခင်ဆီမှာ ငါ အသည်းအသန် ဆုတောင်းခဲ့ရတယ်။ ဆုတောင်းချက်ကို ဘုရားသခင် နားညောင်းခဲ့လို့ နောက်ဆုံး တစ်ဘာသာနဲ့ စက်ကာပူမှာ ငါ ကျောင်းတက်ခွင့်ရခဲ့တယ်။

အဲဒီအချိန်မှာ နောက်ပြဿနာတစ်ခု ထပ်ဝင်လာတယ်။ သင်္ဘောပြန်တက်ပြီး ငွေရှာစေချင်တဲ့သူတွေနဲ့ ငါလွန်ဆွဲခဲ့ရသေးတယ်။ နောက်ဆုံး **“ပညာ ကုန်သွယ်ခြင်းသည်၊ ငွေ ကုန်သွယ်ခြင်းထက် သာ၍ မြတ်၏”** ဆိုတဲ့ ကျမ်းချက် အတိုင်း စင်ကာပူမှာ အဆင့်မြင့်ပညာ ထပ်သင်ဖို့ ငါ ရွေးချယ်လိုက်တယ်။

ဒီလိုနဲ့ စင်ကာပူကို ငွေကြေး၊ အစားအစာ၊ နေစရာ ဘာအခက်အခဲမှ မရှိဘဲ ရောက်လာတဲ့ ငါဟာ ဘုရားသခင်ရဲ့ ကျေးဇူးတွေကို မေ့ခဲ့တယ်။ ဘုရားသခင်ကို ပေးခဲ့တဲ့ ငါ့ကတိကို ငါ မတည်ခဲ့ဘူး။ ပါးစပ်က ဘုရားကို ကျေးဇူးတင်ပေမဲ့ ကိုယ့်မာန ကလဲ ရှိနေသေးတယ်။



ကျေးဇူးတော်ချီးမွမ်း သက်သေ ခံဖို့ဆိုတာ ဝေးရောပေါ့။ ဒီလိုနဲ့ ငါ ဘုရားနဲ့ ဝေးသလို ဖြစ်လာခဲ့တယ်။ ဝိုင် တစ်လုံး နဲ့ စပြီး မှားခဲ့တယ်။ “ငါတော်လို့” ဆိုတဲ့ မာနစိတ်တွေ ဝင်ခဲ့တယ်။ အဲဒီအချိန်မှာ ငါဟာ ကျဆုံးတော့မဲ့ အနေအထားကို ရောက်လာခဲ့တယ်။ ကျောင်းတက်ဖို့ ငွေလိုတဲ့အတွက် အချိန်ပိုင်း အလုပ်ကို ဝင်လုပ်ခဲ့ရတယ်။ သောကြာနေ့ ရောက်လို့ မင်းတို့ ဘလူးစတား က လူငယ်တွေ ဝတ်ပြု ကိုး ကွယ်ခြင်း စည်းဝေးကို မင်းခေါ်တော့ ငါ့စိတ်တွေ မလုံမလဲနဲ့ မသိသလို နေခဲ့ မိတယ်။

ဒီလိုနဲ့ ဘုရားသခင်က ငါ့ကို မင်း အားဖြင့် သူ့ဘက် ပြန်လှည့်လာအောင် သွေးဆောင်ခဲ့တယ်။ မင်းခေါ်လို့ ဘလူးစတား ညီအစ်ကိုတွေရဲ့ ဝတ်ပြု စည်းဝေးတဲ့နေရာလေးကို ပထမဦးဆုံး ရောက်လာတဲ့ အခါမှာဘဲ ငါ့ကို ကျင်စက်နဲ့ တို့ လိုက်သလို အသိတရားတွေ၊ နောင်တတွေ တသီကြီး ပြန်ရခဲ့တယ် သူငယ်ချင်း။

မင်းတို့ ဘလူးစတားစ် ခရစ်ယာန်ညီအစ်ကို မိတ်သဟာယ အဖွဲ့လေးကို ငါ အားကျလာမိတယ်။ ဘလူးစတားစ် ညီအစ်ကိုတွေက တစ်နေ့လုံး ပင်ပင်ပန်းပန်းနဲ့ အခြေခံ အလုပ်ကြမ်းသမားအဖြစ် အလုပ်လုပ်ခဲ့ရပေမဲ့ ညဘက် ရောက်တဲ့အခါမှာ နားရမဲ့အချိန်မှာ မနားဘဲ စုရုံးပြီး ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းသက်သေခံ ဝတ်ပြုကိုးကွယ်ကြတယ်။ ဘုရားပေးတဲ့ အလုပ် ဘုရားပေးတဲ့ လစာ၊ ဘုရားပေးတဲ့ အဆင့်အတန်းမှာ ဘာမှ စောဒက မတက်၊ ငြူစူမြည်တမ်းခြင်း မရှိဘဲ၊ ဝမ်းမြောက်စွာနဲ့ ဘုရားဝတ်၌ မွေ့လျော်ကြတာတွေ၊ ဘုရားကို ချီးမွမ်းကြတာတွေကို မြင်ရတော့ ငါအရမ်းဘဲ အားကျမိတယ်ကွာ။

ဟို အရင်တုံးကဆိုရင် ဘလူးစတားစ် ညီအစ်ကိုတွေဟာ ရေမြောင်းကြီး ဘေးမှာ ၊ ပလက်ဖောင်း လမ်းဘေးမှာ၊ မိုးရွာတဲ့အခါ မိုးရေ စိုရွှဲတဲ့ ကားမှတ်တိုင်အောက်မှာ ကျီးလန့်စာ စားသလို ဘုရားရှိခိုး ခဲ့ကြပေမဲ့ အခုဆိုရင် မိုးလုံလေလုံ မြေအောက် အခန်းကြီးထဲမှာ လေအေးစက်၊ ရေခဲသေတ္တာ၊ လျှပ်စစ်မီး ထိန်ထိန်လင်းတဲ့ မျက်နှာကျက် အောက်မှာ၊ ကော်ဇောထူထူကြီးပေါ်မှာ အနှောက်အယှက်ကင်းကင်း၊ လုံလုံခြုံခြုံ ဝတ်ပြုနိုင်တဲ့ အခန်းလေးကို ရခဲ့တယ်ဆိုတော့၊ မင်းတို့ရဲ့ ဆက်ကပ်မှုကို လူတွေ သတိမထားမိပေမဲ့ ဘုရားက ကွင်းကွင်းကွက်ကွက်မြင်ပြီး ကောင်းကြီးပေးခဲ့တယ်နော်။

ငါ သင်္ဘောလိုက်တုံးက တောင့်တခဲ့ဖူးတဲ့ ပကာသန မရှိ၊ ဟန်ဆောင်မှု မရှိ၊ အစွဲအလန်း မရှိတဲ့ စစ်မှန်တဲ့ နှလုံးသားနဲ့ ဘုရားသခင်ကို အရိုးခံစိတ်နဲ့ ကိုးကွယ်မှုကို မင်းတို့ ဘလူးစတား ညီအစ်ကိုတွေဆီမှာ ငါရရှိခဲ့တယ်။ ဒါတင် မကသေးဘူး။ လောကရဲ့ အောင်မြင်မှုတွေနောက် မလိုက်ဘဲ၊ ဆက်ကပ်နေတဲ့ ဆရာတွေ၊ ကျမ်းစာကျောင်းတက်ရင်း မအားတဲ့ကြားက ဆက်ကပ်နေတဲ့ ဆရာတွေရဲ့ တရားဒေသနာ အသံဟာ ငါ့ရဲ့ နှလုံးသားကို တင်းမာလို့ မရအောင် လုပ်နိုင်စွမ်းခဲ့တယ် သူငယ်ချင်း။

ဒီဆရာတွေ ပြန်သွားရင် သူတို့ရဲ့ တရားသံကို ဘယ်ကြားရပါတော့မလဲကွာ။ မင်းတို့ ဘလူးစတားစ် ညီအစ်ကိုတွေရဲ့ ပကာသန မပါတဲ့ ခင်မင်ဖော်ရွေမှုဟာ ငါ့ရဲ့ရင်ကို အေးမြသွားစေခဲ့တယ်။ ဘလူးစတားစ် ဆိုတဲ့ “အပြာရောင် ကြယ်လေးများ” နာမည်ကို ဘယ်သူက ဘာ အဓိပ္ပါယ်နဲ့ ပေးခဲ့သလဲဆိုတာ ငါမသိပေမဲ့ သေသေချာချာ ငါသိတာ တစ်ခုကတော့ဖြင့် ငါလိုချင် တောင့်တခဲ့တဲ့ ဝတ်ပြု ကိုးကွယ်တဲ့ နေရာလေးကို လမ်းပြပေးတဲ့ ဘုရားဖန်ဆင်းတဲ့ ကြယ်လေးလို့ ငါခံစားလိုက်ရတယ်။ စင်ကာပူနိုင်ငံရဲ့ အနောက်ဘက် အစွန်ဆုံး ဘွန်လေးမြို့ ရပ်ကွက် တစ်ခုထဲက ကဗျာဆန်တဲ့ မြေအောက်ခန်းလေးမှာ ဘုရားကိုချစ်တဲ့ အခြေခံ လူတန်းစား မြန်မာ တိုင်းရင်းသား လူငယ်လေးတွေ စုပြီး ဘုရားရှိခိုးလေ့ရှိပါတယ်။ အဲဒီ ဖုံးခိုကျင်းဆန်ဆန် နေရာလေးကို ဘယ် လမ်းသွားလမ်းလာ ကမှ သတိထားမိမှာ မဟုတ်တဲ့အတွက် အတိုင်အတောထူတဲ့ စင်ကာပူ နိုင်ငံသားတချို့ ရှာလို့ မတွေ့နိုင်သလို ဆူညံသံကိုလဲ ကြားနိုင်မှာ မဟုတ်ပါဘူး။ အဲဒီ မြေအောက်ခန်းလေးကို ယုံကြည်သူ လူငယ်တစ်စု အတွက် ဘုရားသခင်က ပေးခဲ့ပါတယ်။

မင်းတို့ရဲ့ချီးမွမ်းခြင်းကလဲ မြေအောက်ထဲကနေ ကောင်းကင်ဘုံထိ ပျံ့လွင့်သွား မတတ်ပါဘဲ။ ဒီနေရာကို မင်း ခေါ်သွားတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်။ ဒီနေရာဟာ ငါ့အတွက် နေရာအမှန်ပါဘဲ။ ငါ့ဆုတောင်း သံကို ဘုရားသခင် နားညောင်းခဲ့တယ်။ ဘုရားဝတ်ပြုတဲ့ အချိန်ကလဲ သောကြာနေ့ည ၉း၃၀ ကနေ ည ၁၂ နာရီ အထိဆိုတော့ အိမ်မှာ ယောင်နေရင်လဲ အချိန် အလကား ကုန်သွားမဲ့ အတူတူ ဒီနေရာကို အမြဲလာမယ်လို့လဲ ဆုံးဖြတ်ခဲ့ တယ်။ အလုပ်ရှိရင်လဲ တစ်ရက်တစ်လေ ဖျက်လိုက်လို့ ရပါတယ်။ မင်းတို့ ညီအစ်ကိုတွေ ငွေကြောင့် အလုပ်လုပ်နေရပေမဲ့ ရတဲ့ အချိန်လေးမှာ ဘုရား ကို ဝတ်ပြုကြတာ အရမ်းကို အားကျမိတယ် သူငယ်ချင်းရာ။ မင်းတို့ကို ဘုရားသခင် ကောင်းကြီးတွေ အများကြီး ချပေးအုံးမှာပါ။ မင်း မှတ်မိအုံးမှာ ပေါ့ ခရစ္စမတ် ညတစ်ညမှာ မင်းတို့အိမ်ကို ငါ့သူငယ်ချင်းတွေနဲ့ သီချင်း လာဆိုတုံးက မင်းငါတို့နဲ့အတူ လိုက်ပြီး တညလုံး သီချင်းဆိုခဲ့တာလေ၊ အဲဒီ တုံးက ငါအရမ်း ပျော်ခဲ့တယ်။ အခု ဘလူးစတားစ် မှာ မင်းနဲ့ အတူ ငါ လာ ပါဝင်တော့ မင်းလဲ ငါ့လို ပျော်လိမ့်မယ်လို့ ငါလုံးဝ ယုံကြည်တယ်ကွာ။

အခုဆိုရင် ဘုရားသခင်ကို ငါကတိပေးခဲ့တဲ့အတိုင်း သုတ္တံကျမ်းထဲကလို ဘုရားကို ကြောက်ရွံ့စိတ်နဲ့ ငါ ပညာရှာတော့မယ်။ ဒံယေလလို ထိုးထွင်းတဲ့ ဉာဏ် ရဖို့ အဲဒီ ဉာဏ်အားဖြင့် ဘုရားဘုန်းတော် ထင်ရှားဖို့ ငါ ဆက်ကပ်တော့မယ် သူငယ်ချင်း။ ငါသောကြာနေ့ညတိုင်း ဆက်ဆက်
လာခဲ့မယ်၊ **Pioneer Mall** ရှေ့က စောင့်နေပါ။
ကဲ စာလဲရှည်သွားပြီ၊ နောက်မှ ထပ်ရေးတော့မယ်။
မင်းရဲ့ သူငယ်ချင်း –

**အနေနာနီးမတာ်ခ်** *(Anonymous)*

## အပယ်ခံသူတို့ ၏ ရင်တွင်းစကား




လူ့ဘောင် လောက ၊ လူ့ အသိုင်းအဝိုင်းထဲ
လူ၏ သဘော၊ လူ့ မနောနှင့်
ပယ်ကာ ထားသည့် ၊ သူတို့ စကား
လူတွေမကြား ၊ သခင်က ကြားတော့
နူနာဝဲစား ဒုက္ခိတလည်း –
သန့်ရှင်းခြင်းသို့ ရောက်ခဲ့ပြီ ။
        အကျင့်ဆိုးတဲ့ အခွန်ခံ စုတ်လဲ
        အပြစ်လွှတ်ခြင်းသို့ ရောက်ခဲ့ပြီ ။
        အပျော်ကျူးတဲ့ ၊ ပြည့်တန်ဆာလဲ
        ခွင့်လွှတ်ခြင်းသို့ ရောက်ခဲ့ပြီ ။
ဤကဲ့သို့ပင် –
၂၁ ရာစု ကျွန်ုပ်မူကား
အနူလက်နဲ့ ရွှေခွက် နှိုက်ဆဲ
အလိုရမက်နဲ့ ၊ အတ္တ ပြည့်ဆဲ
မာယာအရှုံးနဲ့ ၊ ရုန်းထွက်ဆဲမှာ
အသွင်စောင်းတဲ့ လူတစ်စုက
ခါကာချလို့ မေးငေါ့ပြန်တော့
ကြင်နာတတ်သူ ၊ ပျို့ သခင်သာ
ယူကာ ယုယ နမ်းခဲ့ပြီမို့ –
ကျွန်ုပ်၏ စကား ၊ သခင့် ရွှေနားနဲ့
ကြားခဲ့ရပြီပေါ့ သခင် ။
သခင့်ရဲ့ – **ဆူးရင့်ခိုဖိုး** ( ခေတ္တ ကမ္ဘာမြေ )

## ကျွန်တော်၏ရင်တွင်းစကား – ၁၆



ကျွန်တော့် အိမ်နံဘေး က
သရက်ပင် လေးမှာ ၊
အရွက် ထူထူများကို ၊ ယူစားပြီး
ဆူထွားနေတဲ့ ၊ ခူယား တစ်ကောင် ရှိပါတယ် ။
        တစ်နေ့ –
        နေရောင် သာတဲ့ ကောင်းကင်မှာ ၊
        ရောင်စုံဖြာတဲ့ လိပ်ပြာတစ်ကောင်ကို တွေ့လိုက်ရတော့ ၊
        တွားသွားတဲ့ ခူယား ဘဝကနေ
        လိပ်ပြာလေးလို လှလှပပ ပျံဝဲချင်နေသတဲ့ ။
သခင်ဘုရားရဲ့ တန်ခိုးတော်ကြောင့်
အချိန်တွေ ပြောင်း ၊ ပုံစံပြောင်း ဘဝကနေ
ပိုးတုံးလုံး ဘဝ ရောက်နေတုံးမှာ ၊
မကြာခင်မှာ လိပ်ပြာဖြစ်မယ်ဆိုတာကို မသိလေတဲ့ သကောင့်သား
အယူမှား တဲ့ ခူယား ဟာ
ဘုရား အလိုတော်ကို ဝန်မခံ
ဘုရားရဲ့ စကားကို လွန်ဆန်ပြီး
လက်တစ်ဆုပ်စာ အကြံနဲ့ ၊ ကိုယ့်သဘောနဲ့ကိုယ်
ပိုးအိမ်ကို ဆုတ်ခွဲ ထွက် ၊ မြေပေါ် "ဘုတ်ကနဲ"အကျမှာ
အသက်နဲ့ ကိုယ် ၊ အိုးစားကွဲ သွားရှာသတဲ့ ။
        ဩော် – ဒီနေ့ ခေတ်ကာလကြီးထဲမှာလဲ
        တစ်ချို့ လူသားများ ဟာ ၊ ဘုရားကို အမြင်ဝါး
        ခူယား လို အယူမှား နေဆဲပါဘဲလား။ ။
        **မင်းအောင်သက်လွင်**



MIN AUNG THET LWIN Blk 76A , #30-02, Red Hill Road, SINGAPORE 151076